ရေကျိုငါးပိများတွင် ဓာတ်မြေသြဇာမပါဝင်ကြောင်း အာမခံ၍ ရောင်းချပေးမည်ဟု လုပ်ငန်းရှင်များဆို

သတင်းရင်းမြစ် > သီဟကိုကို
တနင်္လာနေ့၊ အောက်တိုဘာလ ၁၄ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၅၂ မိနစ်

ရေကျိုငါးပိများတွင် ဓာတ်မြေသြဇာထည့်သွင်းသုံးစွဲထားခြင်းမရှိကြောင်း တာဝန်ယူအာမခံရောင်းချပေး
သွားမည်ဟု
မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းရှင်များအသင်း(ယာယီ) တာဝန်ရှိသူများက ပြောသည်။

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပသည့် "ပြည်သူများ ဘေးကင်းလုံခြုံစွာ စားသုံးနိုင်သော ရေကျိုငါးပိ
ဈေးကွက်
ပေါ်ထွန်းရေး" အလုပ်ရုံဆွေးနွေးပွဲတွင် ပြောခြင်းဖြစ်သည်။

ရေကျိုငါးပိများတွင် ယူရီယားပါဝင်သော သတင်းများကြောင့် ရေကျိုငါးပိရောင်းဝယ်ရေးလုပ်ငန်းများ
ထက်ဝက်ခန့်
ရောင်းအားကျဆင်းနေပြီး ဈေးကွက်ပြန်လည်ဖြစ်ရေးအတွက် အဓိကရည်ရွယ်ကျင်းပ ရခြင်းဖြစ်ကြောင်း
ယင်းတို့က
ပြောသည်။

မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းရှင်များအသင်း(ယာယီ) နာယက ဦးမောင်မောင်သိန်းက
"ကျွန်တော် တို့ ရောင်းတဲ့ဆိုင်အားလုံး ရေကျိုငါးပိမှာ ဓာတ်မြေသြဇာမပါဘူးဆိုတာကို အာမခံတယ်။
တာဝန်ယူပြီး ရောင်းပေး မယ်" ဟု ပြောသည်။

ရေကျိုငါးပိတွင် ဓာတ်မြေသြဇာ သုံးစွဲခြင်းမရှိဟု မပြောလိုကြောင်း၊ သို့သော် ရေကျိုငါးပိ ၉၉ ရာခိုင်နှုန်းတွင်
ဓာတ်မြေ သြဇာပါဝင်ခြင်းမရှိဟု အာမခံကြောင်းနှင့် ဓာတ်မြေသြဇာသုံးသည်ကို တွေ့ရှိခဲ့ဖူးခြင်းမရှိ
ကြောင်းဆိုသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က "ရေကျိုငါးပိမှာ ဓာတ်မြေသြဇာပါတယ်၊
မပါတယ် ဆိုတာကို ငြင်းဖို့လာတာ မဟုတ်ပါဘူး။ ဘေးကင်းတဲ့ ရေကျိုငါးပိကို ပြည်သူတွေစားသုံးနိုင်ဖို့
တာဝန်ခံပြီး ရောင်းချ တဲ့ ဈေးကွက်တစ်ခုဖြစ်လာဖို့ ဝိုင်းဝန်းအကြံပေးဖို့ပါ"ဟု ယင်းအခမ်းအနားတွင်
ပြောသည်။

ရေကျိုငါးပိရောင်းချရာတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန FDA ၏
အသိအမှတ်ပြုထောက်ခံချက်များ၊ တရားဝင်မှတ်ပုံတင်တံဆိပ်များဖြင့် ပြုလုပ်ရောင်းချမည်ဆိုပါက
စားသုံးသူများ၏ ယုံကြည်မှု ကို ပြန်တည်ဆောက်၍ ရနိုင်မည်ဖြစ်ကြောင်း အကြံပြုသည်။

ဦးဗအုပ်ခိုင်က "ဒီလို ဓာတ်မြေသြဇာ မသုံးပါဘူးလို့ပြောရုံနဲ့ စားသုံးသူက ပြန်စားသုံးပြီး ဈေးကွက်ပြန်
ကောင်းလာမှာ
တော့ မဟုတ်ပါဘူး။ စားသုံးသူရဲ့ ယုံကြည်မှုပြန်ရအောင် အသိအမှတ်ပြုထောက်ခံချက် တွေနဲ့
ထုတ်လုပ်ရောင်းချဖို့ အကြံပေးချင်တယ်"ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ အငြိမ်းစားပါမောက္ခ ဒေါက်တာဦးကျော်က "ယူရီးယားက ငါးထဲက
လာတာလား၊ ထပ်ထည့်တာလားဆိုတာက ခွဲခြားရသိပ်ခက်ပါတယ်။ တစ်ခုတော့ရှိတယ်၊ ယူရီးယားများ
ရင်တော့ အော့အန်တာတို့
ဖြစ်တတ်တယ်။ ကင်ဆာတော့ မဖြစ်ပါဘူး"ဟု ပြောသည်။

ရေကျိုငါးပိတွင် ယူရီးယားပါဝင်မှုနှင့်ပတ်သက်၍ ဓာတုဗေဒပညာရှင်များ၏ တစ်ဦးချင်းအမြင်များမှာ
တူညီခြင်းမရှိ
ကြောင်း ဦးဗအုပ်ခိုင်က ဆိုသည်။

လွန်ခဲ့သောတစ်နှစ်ဝန်းကျင်ခန့်ကတည်းက ဧရာဝတီတိုင်းရှိ ဒေသအချို့မှ ငါးပိများတွင် ဓာတ်မြေသြဇာ ပါဝင်ခြင်း ကို တွေ့ရှိခဲ့ကြောင်း သတင်းရရှိခဲ့ပြီး နောက်တွင် ၎င်းဒေသမှ ငါးပိများကို FDA သို့ ပေးပို့ စစ်ဆေးခဲ့ရာ နမူနာ သုံးမျိုးတွင် တစ်မျိုးယူရီးယားပါဝင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး တွေ့ရှိသည့် ယူရီးယား သည် ဓာတ်မြေသြဇာမှ ဟုတ်၊ မဟုတ်ကိုမူ စစ်ဆေးနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းရှင်များအသင်း(ယာယီ)ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က “ရေကျို ငါးပိကို ခြောက်လ၊ တစ်နှစ်လောက် နပ်ရလို့ အနပ်မြန်အောင် ဓာတ်မြေသြဇာသုံးတယ်လို့ ပြောကြတယ်။ ရေကျိုငါးပိကို ဘာဓာတုမှမသုံးဘဲ တစ်လနဲ့ဖြစ်အောင် လုပ်နည်းကို ကုန်ကြမ်းသာယူခဲ့၊ ပြောပြပေးမယ်” ဟု ငါးပိအဖြစ်မြန်ရန် ဓာတ်မြေသြဇာ သုံးသည်ဆိုသည်နှင့်ပတ်သက်၍ တုံ့ပြန်ပြောဆိုသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ရေကျိုငါးပိတွင် ဓာတ်မြေသြဇာပါဝင်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် စားသုံးမိပြီး
အော့အန်ခဲ့သူများပါရှိကြောင်း ဦးဗအုပ်ခိုင်က ပြောသည်။

ရန်ကုန်ငါးပိဒိုင်များသို့ အဓိကထားတင်ပို့သည့် ဧရာဝတီတိုင်းရှိဒေသအချို့မှ ငါးပိတွင် ဓာတ်မြေသြဇာ ရောခြင်းကို
ဒေသခံများက မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း သို့ သတင်းပေးပို့ခဲ့ခြင်းဖြစ်ပြီး ယင်းမှတစ်ဆင့် FDA သို့ စစ်ဆေးနိုင်ရန် ဩဂုတ် ၂၈ ရက်တွင် ပေးပို့ခဲ့သည်။ ယင်းရေကျိုငါးပိများအား ဓာတ်ခွဲစစ်ဆေးရာ ယူရီးယား (Urea) ဓာတ်ပါဝင်မှုကို တွေ့ရှိရကြောင်း FDA က မဖွံ့မသို့ စက်တင်ဘာ ၂၄ ရက်က ဖြေကြားသည်။ သို့သော် ထိုသို့ ယူရီးယား ပါဝင်ခြင်းမှာ ဓာတ်မြေသြဇာရောနှောခြင်းကြောင့် ဟုတ်သည်၊ မဟုတ်သည်ကို ခွဲခြားနိုင်ခြင်းမရှိပါကြောင်း တစ်ဆက်တည်းဖြေကြားပြီးမည်သို့ဆက်လက် ဆောင်ရွက်ရန်ရှိသည်ဆိုသည့်အချက်ကိုမူ ဆက်လက်ဖြေကြားပေးခြင်း မရှိခဲ့ပေ။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.